# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 12, 2020 Volume 32, Number 10


**၁၂.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၅၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၃/- ကျပ် |
| CBM Rate | = ၁၄၀၁.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၈.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ = | ၉၆၆.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၂၆၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဘုရား၊ စေတီပုထိုးများ၊ ပြတိုက်နှင့်ပန်းခြံများ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးညှိနှိုင်းသွားမည်ဟု ပြည်ထောင်စုဝန်ကြီးပြောကြား



ပြည်တွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဘုရား၊ စေတီပုထိုးများ၊ ပြတိုက်နှင့် ပန်းခြံများအား ကျန်းမာရေး ညွှန်ကြားချက်နှင့်အညီ ပြန်လည် ဖွင့်လှစ်နိုင်ရေး ညှိနှိုင်း သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားသည်။ COVID–19 ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ် အကောင်အထည်ဖော်ရေး ချပြလမ်းညွှန်မှုအခမ်းအနားကို ဇွန် ၉ ရက်က နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်တွင် ဆောင်ရွက်ရန် ရည်ရွယ်သည့် Reopening အဆင့်တွင် ခရီးသွားများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် Standard Operating Procedure (SOP) များ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်း အခြေခံအကျဆုံး ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် အနေးယာဉ် လုပ်သားများ၊ ဈေးရောင်းသူများအတွက် ဌာနမှ နေ့တွက် ထောက်ပံ့ပေးသည့် သင်တန်းအစီအစဉ်များ၊ ပုံမှန်အခြေအနေသစ်တွင် ဆောင်ရွက်ရမည့် ဈေးကွက်မြှင့်တင် ရေးလုပ်ငန်းစဉ်များ၊ E – Commerce Platform နှင့် Digital Platform နှင့် ပြည်တွင်း Digital ငွေပေးချေမှု စနစ်အား အားပေးမြှင့်တင်ဆောင်ရွက်ရေးကိစ္စများ ပါဝင်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဩဂုတ်လတွင်စတင်မည့် နောက်ဆုံးအဆင့် Relaunching အနေဖြင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ပြန်လည် ဆွဲဆောင်နိုင်စေရေးအတွက် Communication & Marketing Campaign များအား မိတ်ဆက်ခြင်း အစီအစဉ်များ၊ Travel Facilitation ခရီးသွားလာမှု လွယ်ကူချောမွေ့ရေးဆိုင်ရာ ပြည်ဝင်ခွင့်ဗီဇာနှင့် ကန့်သတ် နယ်မြေများ ဖြေလျှော့မှုကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် မက်လုံးပေးဆွဲဆောင်သော အစီအစဉ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့ကြေးနှင့်ချေးငွေများရယူခြင်း၊ ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်းစသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရေရှည်စီမံကိန်း

ချမှတ်ဆောင်ရွက်ခြင်းများပါဝင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယခု ဖွန်လအတွင်း ဟိုတယ်နှင့်တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အဝေးပြေးကားလိုင်းများ၊ အငှားကားများ ပြန်လည်ပြေးဆွဲနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Guideline များနှင့် လေကြောင်းလိုင်းများ၊ လေဆိပ်များ ပြန်လည်စတင်နိုင်ရန် ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Guideline များစုပေါင်းပြီး Tourism National Guideline အဖြစ် ထုတ်ပြန်သွားမည်ဖြစ်သကဲ့သို့ COVID-19 အလွန် ပြည်တွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဘုရား၊ စေတီပုထိုးများ၊ ပြတိုက်နှင့်ပန်းခြံများအား ကျန်းမာရေး ညွှန်ကြားချက် များနှင့်အညီ ပြန်လည်ဖွင့်လှစ်သွားနိုင်ရေးအတွက် ပြည်တွင်းခရီးသွားများ လိုက်နာရမည့် ခရီးသွားညွှန်ကြားချက်များကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင်လည်းပတ်နိုင်သည့် ခရီးစဉ်အသစ်များ ဖော်ဆောင်နိုင်သည့် အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

COVID-19 ရောဂါ ဘေးကင်းရန် လိုက်နာရမည့် SOP များနှင့် ပြည်တွင်း ခရီးသွားလုပ်ငန်းကို တစ်ဆင့်ခြင်း ပြန်လည်စတင်၍ အသားကျလာသည့်အခါ အာရှဒေသတွင်း ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် Target Market အဖြစ် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့်Travel Bubble ဆောင်ရွက်နိုင်ရန်နှင့် ထို့မှတစ်ဆင့် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများနှင့် အာရှခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် တိုးချဲ့လုပ်ဆောင် သွားမည်ဖြစ်ပါကြောင်း။ အာရှနိုင်ငံများမှ ခရီးသွားများကို COVID-19 ရောဂါ ဘေးကင်းရန် လိုက်နာရမည့် SOP များနှင့် ဝန်ဆောင်မှုပေးရာတွင် အသားကျပါက နိုင်ငံတကာ ခရီးသွားများကို ဖိတ်ခေါ်လက်ခံကြိုဆိုပြီး မြန်မာ့ခရီးသွား လုပ်ငန်းကို ရာနှုန်းပြည့် ပြန်လည်စတင်မည်ဖြစ်ပါကြောင်း ၎င်းကပြောကြားသည်။

COVID-19 အလွန်ကာလ ခရီးသွား လုပ်ငန်းများသည် ယခင်နှင့်မတူဘဲ ပြောင်းလဲသွားမည် ဖြစ်ပါကြောင်း၊ New Normal ဆိုသည့် အခြေအနေသစ်တွင် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကို မထိခိုက်စေဘဲ ခရီးသွား လုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်သွားရန် ဝန်ကြီးဌာနကချမှတ်ထားသည့် လမ်းညွှန်မြေပုံနှင့်အညီ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များနှင့် နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

**Source:** https://news-eleven.com/article/178027

## ကိုဗစ်အလွန် ပုဂံဒေသပြန်လည်ထူထောင်ရန် ဒေသရန်ပုံငွေ၏ ဆယ်ပုံတစ်ပုံအသုံးပြုမည်

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာလအလွန် ပုဂံဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဒေသရန်ပုံငွေ၏ ဆယ်ပုံတစ်ပုံကို အသုံးပြုသွားရန်စီစဉ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူကပြောကြားသည်။ ပုဂံဇုန်ဝင်ကြေးတင်ဒါအဖြစ် တစ်နှစ်လျှင် ကျပ်သန်း ၇,၂၀၀ ရရှိပြီး ၎င်း၏ ၄၀ ရာခိုင်နှုန်းဖြစ်သော ကျပ်သန်း ၂,၈၀၀ ကို ပုဂံဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပထမဆုံးအကြိမ် စတင်ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှသိရသည်။

ထိုရန်ပုံငွေသည် ပုဂံဒေသတစ်ခုတည်းအတွက်သာ အသုံးပြုရမည်ဖြစ်ပြီး ရှခင်းနှင့်လမ်းများထိန်းသိမ်းခြင်း၊ သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဦးမြတ်သူကရှင်းပြသည်။ ထိုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းစီမံချက်များ ရေးဆွဲထားသော်လည်း ကိုဗစ်-၁၉ ကြောင့် အကောင်အထည်မဖော်နိုင်သေးကြောင်း၎င်းကဆိုသည်။ "ကိုဗစ်ဖြစ်တော့ ၁၀ ရာခိုင်နှုန်းကို ကိုဗစ်အလွန် ဘက်ပေါင်းစုံ ပြန်လည်ထူထောင်ရေးလုပ်ဖို့ ရန်ပုံငွေထဲကနေ သန်း ၂၈၀ နုတ်ဖို့ တိုင်းကို ပြန်တင်ပြထားတယ် " ဟု ၎င်းကပြောသည်။ ပုဂံဇုန်ဝင်ကြေး တစ်နှစ်စာအတွက် ကျပ်သန်း ၇,၂၀၀ ဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ရှင်သန်သူကုမ္ပဏီသည် ၂၀၁၉-၂၀၁၉ ခုနှစ်မှစတင်ကာ ငါးနှစ်တာလုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ဇုန်ဝင်ကြေးအဖြစ် နိုင်ငံခြားသားတစ်ဦးလျှင် ၂,၅၀၀ ကျပ် ကောက်ခံလျက်ရှိသည်။ ပုဂံဒေသတွင် လတ်တလောအနေဖြင့် လုံလောက်သည့် လုံခြုံရေးအင်အားများ ခန့်ထားရန်၊ လမ်းများပြင်ဆင်ရန်နှင့် မီးတိုင်များပိုမိုစိုက်ထူရန် လိုအပ်ကြောင်း ပုဂံအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဦးဇော်ဝင်းချိုက ပြောကြားသည်။

ပုဂံဒေသတွင် ဇွန်လ ၈ ရက်မှ ၁၀ အထိ သုံးရက်အတွင်း စေတီ ၁၂ ဆူ၏ ဌာပနာများ ဖောက်ထွင်းခံခဲ့ရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၏ မှတ်တမ်းများအရသိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင်ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNESCO) ၏ ၄၃ ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေး၌ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းသတ်မှတ်ခဲ့သည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/

## လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ကျောက်စိမ်းတန်ချိန် ၁၉၆၀ ကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၄၂၀ ကျော်ရရှိထားပြီး ယခင်နှစ် ကာလတူထက် တန်ချိန် ၅၆၀ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၁၀၀ ကျော်ပိုမိုရရှိ



လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၉၆၀ ကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၄၂၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၅၆၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၁၀၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၂ ရက် အထိ ရှစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၉၆၄ တန် တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၂၀ ဒသမ ၀၃၆ သန်းရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ပြည်ပသို့ကျောက်စိမ်းတန်ချိန် ၁၄၀၆ တန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃၁၈ သာရရှိထားသည်။ လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုသည် ယခင်နှစ် ကာလတူထက် တန်ချိန်အားဖြင့် ၅၅၈ တန်နှင့် ဝင်ငွေအားဖြင့် ဒေါ်လာ ၁၀၂ ဒသမ ၀၃၆ သန်းပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ကျောက်စိမ်းကို ပြပွဲများပြုလုပ်ပြီး ရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းပြပွဲများ ပြုလုပ်မှုများသည့်ကာလ များတွင် ပြည်ပသို့ ကျောက်စိမ်းပိုမိုတင်ပို့နိုင်ပြီး ကျောက်စိမ်းပြပွဲများပြုလုပ်မှုနည်းသည့်ကာလများတွင် ကျောက်စိမ်းတင်ပို့မှု လျော့ကျနိုင်ကြောင်းသိရသည်။ အရောင်းပြေစာစာအုပ် Cash Memo ဖြင့် ရောင်းချရာတွင် ငွေသားလက်ခံခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသော အရောင်း ပြေစာစာအုပ်ဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ငွေသားလက်ခံခြင်းအတွက် ငွေသားဖြစ်ပါက မြန်မာကျပ်ငွေဖြင့်သာ လက်ခံဆောင်ရွက်ရမည်၊ အရောင်းပြေစာစာအုပ် Cash Memo ပါ စာအုပ်တိုင်းတွင် နောက်ဆက်တွဲ(က)ပါ ပုံစံအတိုင်း တံဆိပ်တုံးရိုက်၍ အချက်အလက်ပြည့်စုံစွာဖော်ပြရမည်။

နိုင်ငံခြားငွေဖြင့် ရောင်းချပါကပြည်ပရှိ ဘဏ်များမှ ထုတ်ဝေသည့် Visa, Master, JCB, CUP အစရှိသည့် Debit/ Credit Card တို့ဖြင့်သာ လက်ခံဆောင်ရွက်ရမည်၊ ဝယ်ယူသူ၏အမည်၊ Passport နံပါတ်နှင့် ငွေသားအသုံးပြုကတ်နံပါတ်တို့ကို သိသာထင်ရှားစွာ ဖြည့်သွင်းဆောင်ရွက်ရမည်၊ လက်ခံရောင်းချသည့် ကတ်အမျိုးအစား Visa, Master, JCB, CUP ကို နောက်ဆက်တွဲ(ခ)ပါ ပုံစံအတိုင်း ရှင်းလင်းစွာဖော်ပြရမည်၊ အဆိုပါလုပ်ငန်းစဉ်များအပြင် အခါအားလျော်စွာထုတ်ပြန်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှုအနေဖြင့် အစိုးရသစ် စတုတ္ထတစ်နှစ်အတွင်း ကျောက်စိမ်းနှင့် ကျောက်မျက်ထုတ်လုပ်မှုမှ ကျပ် ၅၆ ဒသမ ၄ ဘီလျံကျော်ရရှိရန် လျာထားခဲ့သော်လည်း ကျပ် ၉၇ ဒသမ ၈ ဘီလျံကျော်အထိရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အသေးစား၊ အလတ်စား၊ အကြီးစားနှင့် လက်လုပ်လက်စားအပါအဝင် စမ်းသပ်ကျောက်မျက်လုပ်ကွက် ၁၂၅၀ ကျော်ခွင့်ပြု မိန့်ထုတ်ပေးထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/177947

## ကိုဗစ်ကြောင့် ရန်ကုန်တိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်မှုမရှိ



ကိုဗစ်ကြောင့် ရန်ကုန်တိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်မှုမရှိဘဲ ပုံမှန်လည်ပတ်နေပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၉၇ သန်းနှင့် မြန်မာကျပ်ငွေ သန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်း ၄ ခု ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှု ကော်မတီမှသိရသည်။ "ရန်ကုန်တိုင်းမှာကတော့ အမေရိကန်ဒေါ်လာ ၅ သန်းအတွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကပုံမှန်ပါပဲ။ စက်ရုံအလုပ်ရုံလုပ်ငန်းတွေကတော့ ပုံမှန်လည်ပတ်နေပါတယ်။ တရုတ်ကူးစက်ရောဂါနဲ့ ပတ်သက်ပြီးတော့ ဘာမှထိခိုက်မှုမရှိဘဲ ပုံမှန်ရှိနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဦးမျိုးခိုင်ဦးက မြန်မာတိုင်းမ်သို့ ပြောသည်။ ထို့အပြင် ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ဇွန် ၁၀ ရက်က Video Conferencingဖြင့် ပြုလုပ်သည့် အစည်းအဝေး၌ စက်မှုကဏ္ဍ၌ တရုတ်နိုင်ငံနှင့် ဟောင်ကောင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၃ ခု နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၁ ခုတို့ကို အတည်ပြုပေးခဲ့ရာ မတည်ငွေရင်းပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၉၇ သန်း နှင့် မြန်မာကျပ်ငွေ ၁၀၀၀ သန်းဖြစ်ပြီး အဆိုပါလုပ်ငန်း ၄ ခုတို့မှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၆၅၆ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုအများဆုံးလုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်း ၊ ဖိနပ်ချုပ်လုပ်ငန်း ၊ အိတ်ချုပ်လုပ်ငန်းတို့ဖြစ်ပြီး လက်ရှိရင်းနှီးမြှုပ်နှံမှုအသစ် လာလုပ်ကြသူများမှာ ချက်ချင်းစီးပွားဖြစ် စလည်ပတ်နိုင်မည်မဟုတ်ဘဲ တည်ဆောက်ရေးကာလ အနည်းဆုံးခြောက်လမှ တစ်နှစ်အထိပြင်ဆင်မှု လုပ်ငန်းစဉ်များ ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ကူးစက်ရောဂါနှင့်ပတ်သက်ပြီး ထိခိုက်မှုနည်းပါးနိုင်ကြောင်းသိရသည်။ "အခုအချိန်အထိတော့ ထိခိုက်မှုက သိပ်မရှိသေးဘူး။ တစ်ကမ္ဘာလုံးတော့ဖြစ်နေတယ်။ ဒါပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုကတော့ အခုအချိန်အထိရှိနေသေးတယ်။ နောက်ပိုင်းဆိုရင်တော့ မပြောတတ်ဘူး။ အခုထိတော့ ရင်းနှီးမြှုပ်နှံမှုက ပုံမှန်ဝင်တယ်ဆိုတဲ့ အကြောင်းအရာတွေက လက်ထဲမှာလုပ်လက်စတွေရှိတယ်။ ထပ်ဝင်လာမလားဆိုတာကတော့ အုံနဲ့ကျင်းနဲ့ဝင်မလာဘူး။ ဒါပေမယ့် မဝင်လာတော့ဘူးလားလို့လည်း ပြောလို့မရဘူး။ အသစ်အသစ်တွေကတော့ တစ်ခုစ နှစ်ခုစတော့ ရှိနေသေးတယ်။ ဒါပေမယ့် ဟိုဖက်က ထိခိုက်မှုကကြီးတဲ့အတွက် တဖြေးဖြေးနဲ့တော့ အနည်းနဲ့အများထိခိုက်ရင် ထိခိုက်လာနိုင်တယ်။ တစ်ကမ္ဘာလုံး ထိခိုက်တယ်ဆိုတဲ့နောက် မြန်မာနိုင်ငံလည်း ထိခိုက်လာနိုင်တယ်" ဟု ဦးမျိုးမင်းကပြောသည်။

ရန်ကုန်တိုင်းအတွင်း ရင်းနှီးမြှုပ်နှံကြသည့်နိုင်ငံများမှာ တရုတ် ၊ ဟောင်ကောင် ၊ စင်ကာပူ ၊ ဂျပန် ၊ ကိုရီးယား ၊ ဥရောပနိုင်ငံများနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး ယင်းတို့အနက် တရုတ်နိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် တစ်လလျှင် အစည်းအဝေးနှစ်ကြိမ်ပြုလုပ်ပြီး စက်မှုလက်မှုကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုစိစစ်၍ အမေရိကန် ဒေါ်လာ ၅ သန်း (သို့)မြန်မာကျပ်ငွေ သန်း ၆၀၀၀အထိ ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုခွင့်ပြုပေးလျက်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/140187.html

## ဝိုင်တင်သွင်းခွင့် မှတ်ပုံတင်ပြန်အပ်၍ အရက်တင်သွင်းခွင့် မှတ်ပုံတင်ပြန်လျှောက်နိုင်

ဝိုင်တင်သွင်းခွင့် မှတ်ပုံတင်ပြန်အပ်၍ အရက်တင်သွင်းခွင့် မှတ်ပုံတင်ပြန်လည်လျှောက်ထားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန် ၁၁ ရက်တွင် ထုတ်ပြန်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မေ ၂၅ ရက်တွင် အရက်တင်သွင်းခွင့်ကိုခွင့်ပြုခဲ့ပြီး လုပ်ထုံးလုပ်နည်းများအား ကြေညာခဲ့သည်။ ဇွန် ၁၁ ရက်တွင် ထပ်မံ၍ အရက်တင်သွင်းခွင့်နှင့်စပ်လျဉ်းပြီး ကြေညာချက်ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်အရ လက်ရှိဝိုင်တင်သွင်းခွင့် မှတ်ပုံတင်ရရှိထားသူများသည် အရက်တင်သွင်းလိုပါက ဝိုင်တင်သွင်းခွင့် မှတ်ပုံတင်ကတ်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံကာ ယမကာတင်သွင်းခွင့် မှတ်ပုံတင်ကို လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားပြီး အရက်တင်သွင်းနိုင်မည်ဖြစ်သည်။ အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။ အဆိုပါယမကာ တင်သွင်းခွင့်လက်မှတ်နှင့်အတူ သွင်းကုန်လိုင်စင်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်သည်။ ဝန်ကြီးဌာနမှစိစစ်၍ အရက်တင်သွင်းခွင့် ခွင့်ပြုမည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အရက်တင်သွင်းခွင့်ဆိုင်ရာ နောက်ဆက်တွဲထုတ်ပြန်ချက်အရ ယမကာတင်သွင်းခွင့် မှတ်ပုံတင်သက်တမ်းအား ၁ နှစ် ခွင့်ပြုမည်ဖြစ်ပြီး မှတ်ပုံတင်ကြေးမှာ ကျပ်ငါးသောင်းဖြစ်သည်။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လျှောက်ထားရာတွင် နိုင်ငံခြားဖြစ်အရက် လက်ကားရောင်းချခွင့်လိုင်စင်၊ နိုင်ငံခြားအဖြစ်အရက်ထုတ်လုပ်ဖြန့်ဖြူးသူနှင့် တစ်ဦးတည်းဖြန့်ဖြူးရောင်းဝယ်ခွင့် သို့မဟုတ် တစ်ဦးတည်းရောင်းဝယ်ခွင့် ကိုယ်စားလှယ်အဖြစ်ချုပ်ဆိုထားသောစာချုပ်၊ တင်သွင်းမည့် အရက်ဆိုင်ရာအချက်အလက်စသည့်တို့ဖြင့် ပူးတွဲလျှောက်ထားရမည်ဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းဈေးကွက်လိုအပ်ချက်ဖြည့်ဆည်းရန်၊ အရည်အသွေးအာမခံကုန်စည်များ ရောင်းချနိုင်ရန်၊ တရားမဝင်ကုန်သွယ်မှုကို ထိန်းချုပ်ရန်တို့အတွက် အရက်တင်သွင်းခွင့်ကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140196.html

## ပို့ကုန်အမယ် ၉၀ ရာခိုင်နှုန်းကို လိုင်စင်လျှောက်ရန်မလိုသော ကုန်စည်အဖြစ်ဖြေလျှော့မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လက်ရှိလိုင်စင်လျှောက်ထားနေရသည့် ပို့ကုန် H.S Code လိုင်းများထဲမှ ၉၀ ရာခိုင်နှုန်းခန့်ကို လိုင်စင်လျှောက်ထားရန် မလိုအပ်သော ကုန်စည်များအဖြစ် ယခုလအတွင်း ဖြေလျှော့ပေးသွားမည်ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်ကိုပြောသည်။ လက်ရှိတွင် ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်း ၃၃၀၀ ကျော်ထဲမှ ယခုအခါ ထပ်မံ၍ ၂၀၀၀ ကျော်ကို လိုင်စင်လျှောက်ထားရန် မလိုအပ်သည့် ကုန်စည်အမယ်များအဖြစ် ဖြေလျှော့ပေးမည်ဖြစ်သည်။ "ပို့ကုန်တွေမှာ လိုင်စင်လျှောက်တဲ့ဟာ လျှော့ချဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်ထားတာ။ လက်ရှိမှာတော့ ၉၀ ရာခိုင်နှုန်းလောက် ဖြေလျှော့သွားမယ့်အနေအထား ဖြစ်သွားမယ်။ ၁၀ ရာခိုင်နှုန်းလောက်ပဲ လိုင်စင်လျှောက်ရမယ့် စာရင်းထဲမှာပါ မယ်။ အဓိကကတော့ အရေးကြီးတဲ့ကုန်ပစ္စည်းအမယ်တွေကလွဲရင် ကျန်တဲ့ဟာတွေက လိုင်စင်လျှောက်ဖို့မလိုတဲ့စာရင်းထဲမှာ ထည့်ပစ်လိုက်မယ်"ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

အဆိုပါ လိုင်စင်လျှောက်ထားရန် မလိုအပ်တော့သည့် ကုန်ပစ္စည်းအမယ်များသည် အကောက်ခွန်ဌာနတွင်သာ ကုန်စည်ရှင်းလင်းရေးကိစ္စများသာ ဆောင်ရွက်ရတော့မည်ဖြစ်သည်။ ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ပို့ကုန်အမယ် H.S Code လိုင်း ၁၀ ရာခိုင်နှုန်းသည် ပို့ကုန်အမယ် ၁၂၀၀ ခန့်သာကျန်ရှိမည်ဖြစ်ပြီး ယင်းထဲတွင် တိရိစ္ဆာန်နှင့်တိရိစ္ဆာန်ထွက်ပစ္စည်းများ၊ ငါးမျိုးစေ့များ၊ ဆေးဖက်ဝင်အပင်နှင့်အမြစ်များ၊ သစ်တောထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် လူ ၊ တိရိစ္ဆာန်၊ ကျန်းမာရေးနှင့် သက်ဆိုင်သော ကုန်စည်လိုင်းများသာ ကျန်ရစ်မည်ဟု ဦးခင်မောင်လွင်ကပြောသည်။ ၂၀၁၇ ခုနှစ်ဒီဇင်ဘာလတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက H.S Code 2012 Version အရ ၉၈၃ လိုင်းကို H.S Code 2017 Version ဖြင့် ပြောင်းလဲကျင့်သုံးရေးအတွက် ကုန်စည်လိုင်း ၁၀၇၉ အား လိုင်စင်လျှောက်ထားရန် မလိုအပ်

သောကုန်စည်လိုင်းအဖြစ် သတ်မှတ်ဖြေလျှော့ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140194.html

## နယ်ကားလမ်းကြောများလည်ပတ်လာသဖြင့် ငရုတ်ကောင်းဈေးမြင့်တက်လာ



နယ်ကားလမ်းကြောများ ပြန်လည်လည်ပတ်လာသဖြင့် ငရုတ်ကောင်းဈေး မြင့်တက်လာကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။ ငရုတ်ကောင်းဈေး ပြန်တက်နေပါတယ်။ နည်းနည်းချင်း ပြန်တက်နေတယ်။ ဘာလို့ ဈေးပြန်တက်တာလဲဆိုတော့ အခုရက်တွေမှာ နယ်ကားဂိတ်တွေ တော်တော်များများ ပြန်ဖွင့်လာလို့ပါ။ လမ်းပန်း ဆက်သွယ်ရေးကြောင့်သာ ဈေးကွက်လည်ပတ်မှု အားနည်းခဲ့တာ။ အခုတော့ ပြန်တက်လာပါပြီဟု KKO Pepper ငရုတ်ကောင်းစိုက်ပျိုး ထုတ်လုပ်ရေးမှ စီမံအုပ်ချုပ်သူ ဦးအောင်ဆန်းဦးကပြောသည်။

ငရုတ်ကောင်းပင်ကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(ကလေး၊ တမူး) စသည့်ဒေသများတွင် စိုက်ပျိုးနေကြသော်လည်း ပြည်တွင်းစားသုံးမှုများပြားပြီး စိုက်ဧကနည်းနေကြောင်းသိရသည်။ ငရုတ်ကောင်းပင်က ရေရရှိတဲ့ ဘယ်ဒေသမှာမဆို တစ်ချိန်လုံး၊ တစ်နှစ်ပတ်လည်လုံး စိုက်ပျိုးလို့ရပါတယ်။ အခုလမှာ ငရုတ်ကောင်းပျိုးပင်တွေ မှာယူစိုက်ပျိုးသူတွေတော့ များလာပေမယ့် စီးပွားဖြစ်စိုက်ဧက နည်းနေပါသေးတယ်။ ငရုတ်ကောင်းက ပြည်တွင်းစားသုံးမှုနဲ့တင် ထွက်သမျှကုန်ပါတယ်။ ခူးဆွတ်ပြီး လေးလမှာတင် ပြည်တွင်းမှာပဲရောင်းလို့ကုန်တယ်။ ကျန်တဲ့လိုအပ်ချက်အတွက် ပြည်ပကတင်သွင်းတဲ့ ငရုတ်ကောင်းတွေကို သုံးကြရတယ်ဟု ဦးအောင်ဆန်းဦးက ဆက်လက်ပြောသည်။

လက်ရှိဈေးကွက်တွင် ငရုတ်ကောင်းဒေသမျိုး အမဲစေ့ တစ်ပိဿာလျှင် ၆၀၀၀ ကျပ်၊ ငရုတ်ကောင်းအဖြူစေ့ တစ်ပိဿာလျှင် ကျပ်၂၀၀၀၀ မှ ၂၅၀၀၀ ကျပ်၊ ဗီယက်နမ် ငရုတ်ကောင်းစေ့ ၅ မီလီမီတာအရွယ် တစ်ပိဿာလျှင် ၆၃၀၀ ကျပ်၊ ဗီယက်နမ် ငရုတ်ကောင်းစေ့ ၅၀၀ GL အရွယ် တစ်ပိဿာလျှင် ၅၅၀၀ ကျပ်၊ ကယားပြည်နယ်မျိုး ငရုတ်ကောင်းစေ့ တစ်ပိဿာလျှင် ၅၅၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/increase_price_of_black_pepper

## ဝယ်ယူမည့်သူ မရှိသဖြင့် သံပရာသီးများ လွှင့်ပစ်ရမည့် အခြေအနေဖြစ်နေ



ယိုစုံလုပ်ငန်းများနှင့် ကွမ်းယာထဲတွင် ထည့်သွင်းစားသုံးသည့် သံပရာ ပေါင်းလုပ်ငန်းများ ကျဆင်းလာသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းက ထွက်ရှိသည့်သံပရာသီးများ ဝယ်ယူသူမရှိသလောက်နည်းပါးလာသဖြင့် လွှင့်ပစ်ရတော့မည့်အခြေအနေဖြစ်နေကြောင်း တိုင်းဒေသကြီး သံပရာအစု အဖွဲ့ထံမှသိရသည်။ "သံပရာသီးက အချိန်လေးဆယ်ဝင် တစ်အိတ်ကို ဒီနှစ် နွေဦး အစက ကျပ် ၆၀၀၀၀ အထိ ဈေးရခဲ့တယ်။ အခုက ကျပ် ၃၅၀၀ လောက်ပဲရတော့တယ်။ ဈေးကလည်း သိသိသာသာကျသွားတဲ့အပြင် အဝယ်ကလည်း တဖြည်းဖြည်းပါးလာနေပြီ။ ဒီလိုဈေးကျချိန်မှာ အမြဲတမ်း ဝယ်နေတဲ့ ယိုစုံလုပ်ငန်းတွေကလည်း တော်တော်များများရပ်ထားရတဲ့ အတွက် ဒီထက်ဈေးကျမယ့်အခြေအနေမှာရှိတယ်။ အဲဒါကြောင့် မခူးဆွတ်တော့ဘဲ အပင်မှာဒီအတိုင်းထားရမယ့် အခြေအနေ ရောက်လာတော့မယ်"ဟု အဆိုပါအစုအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးခိုင်ကပြောသည်။

သံပရာသီးများမှာ တစ်နှစ်လျှင်နှစ်ကြိမ်ခူးဆွတ်ရနိုင်ပြီး ဧပြီ၊ မေ တို့တွင်တစ်ကြိမ်၊ ဩဂုတ်၊ စက်တင်ဘာတို့တွင် ဒုတိယအကြိမ်ထပ်မံထွက်ရှိပြီး ယခုအခြေအနေအရ မကြာမီထွက်ရှိတော့မည့်သံပရာသီးများမှာ ဈေးကွက်အခြေအနေမကောင်းနိုင်တော့ကြောင်းသိရသည်။ "မေလထဲကထွက်ထားတဲ့ သံပရာသီးတွေတောင် ဈေးကသိသိသာသာကျသွားပြီ။ မကြာမီ ထွက်ရှိလာတော့မယ့် အသီးတွေအခြေအနေကလည်း မကောင်းနိုင်ဘူး။ ပြည်တွင်းအသုံးပြုမှုပဲရှိတာဖြစ်တဲ့အတွက် စိုက်တဲ့တောင်သူတွေ ဒီနှစ်တော့ အဆင်ပြေကြမှာမဟုတ်တော့ဘူး"ဟု သံပရာစိုက်တောင်သူ ဦးသိန်းလှကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သံပရာသီးစိုက်ပျိုးဧက သုံးထောင်ကျော်ရှိပြီး တစ်ဧကတွင် တစ်ရာသီလျှင် ကီလို ၄၀ ဝင်အိတ် ၆၀ ခန့်ထွက်ရှိကြောင်း၊ ထို့ကြောင့် လက်ရှိလွှင့်ပစ်ရမည့်အခြေအနေကြောင့် သံပရာစိုက်တောင်သူများ ထိခိုက်နစ်နာမှုများနေကြောင်းသိရသည်။ "စိုက်တဲ့တောင်သူတွေအနေနဲ့ ပိဿာလေးဆယ်ဝင်တစ်အိတ်ကို ကျပ်တစ်သောင်းလောက်ရရင်လူးသာလွန့်သာသေးတယ်။ အဲဒီထက်ကျသွားရင်တော့ ဘယ်လိုမှအဆင်မပြေနိုင်တော့ဘူး။ နှစ်စဉ်လည်း ဒါပဲစိုက်နေကျဆိုတော့ တခြားသီးနှံတွေကိုလည်း စိုက်ဖို့ကမလွယ်ဘူး။ ဈေးကသိသိသာသာကျသွားရင် ခူးဆွတ်ခထပ်မပေးတော့ဘဲ အပင်မှာပဲ ဒီအတိုင်းပစ်ထားလိုက်တော့မယ်"ဟု သံပရာစိုက်တောင်သူတစ်ဦးကပြောသည်။ သံပရာသီးများကို ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် အများဆုံးစိုက်ပျိုးကြပြီးမန္တလေးတိုင်းဒေသကြီးအတွင်း ဧကသုံးထောင်ကျော်ခန့် နှစ်စဉ်စိုက်ပျိုးကြကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## ကမ္ဘောဒီးယားသရက် တရုတ်နိုင်ငံ ဈေးကွက်တင်ပို့ရန်စာချုပ်ချုပ်ဆို နှစ်စဉ် တရုတ်နိုင်ငံသို့ တန်ချိန်(၅)သိန်းတင်ပို့နိုင်မည်ဟု ခန့်မှန်းထား

Phnom Penh Post ၏ သတင်းထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ ဇွန်လ ၄ ရက်နေ့ထုတ်ပြန်ချက်အရ တရုတ်-ကမ္ဘောဒီးယားနှစ်နိုင်ငံသည် ဇွန်လ ၉ ရက်နေ့တွင် ကမ္ဘောဒီးယားသရက်သီး တရုတ်နိုင်ငံ သို့တင်ပို့ရန် သဘောတူစာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ နှစ်စဉ် သရက်သီးတန်ချိန် (၅)သိန်းတင်ပို့နိုင်ရန် ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရပါသည်။ ပြီးခဲ့သည့်နှစ် ဧပြီလက ကမ္ဘောဒီးယားငှက်ပျောသီးကို တရုတ်နိုင်ငံသို့တင်ပို့ရန်ခွင့်ပြုခဲ့ပြီးနောက် သရက်သီးသည် ဒုတိယမြောက်တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိခဲ့သည့် လယ်ယာထွက်ကုန် ဖြစ်လာခဲ့သည်။ ဈေးကွက်သုံးသပ်သူများက တရုတ်ဈေးကွက်ဖွင့်လှစ်ခြင်းသည် ကမ္ဘောဒီးယားလယ်ယာထွက်ကုန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြင့်တင်ပေးသွားနိုင်မည်ဟု သုံးသပ်ခဲ့ကြကြောင်းသိရသည်။ ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ ယခုနှစ် ပထမငါးလအတွင်း သရက်သီးတန်ချိန် (၄၄၀၉၉)တန်ကို တင်ပို့နိုင်ခဲ့ကာ ပြီးခဲ့သောနှစ်ကာလတူ၏ ၂၉၂၁၄ တန်ချိန် ထက် ၅၀.၉၅% မြင့်တက်ခဲ့သည်။ ပြီးခဲ့သောနှစ်က ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ပြင်သစ်၊ ရုရှားနှင့်ဟောင်ကောင် စသည့်နိုင်ငံနှင့်ဒေသများသို့ သရက်သီးတန်ချိန် (၅၈၁၆၂)တန်တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံ၏ တရုတ်နှင်းသီးမှာလည်း တရုတ်နိုင်ငံသို့တင်ပို့ရန် ဆွေးနွေးလျက်ရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံ တရုတ်နှင်းသီးအဓိကထုတ်လုပ်ဒေသဖြစ်သည့် ပိုက်လျင်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ၏ပြောကြားချက်အရ တရုတ်ဈေးကွက်သို့ဝင်ရောက်နိုင်ခြင်းမှာ အဆိုပါပြည်နယ်၏ တရုတ်နှင်းသီးတင်ပို့မှုလမ်းကြောင်းအတွက် အထောက်အကူပြုစေသည်သာမက ထိုမှတစ်ဆင့် စိုက်ပျိုးသူနှင့်တင်ပို့သူများအတွက် ကြီးမားသော အကျိုးအမြတ်များ ရရှိစေနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ အဆိုပါလုပ်ငန်းတွင် ပိုမိုများပြားသော ရင်းနှီးမြှုပ်နှံမှုများကို အဆိုပါလုပ်ငန်းအတွင်း ဝင်ရောက်လာနိုင်ရန်အတွက် ဆွဲဆောင်သွားမည်ဖြစ်ကာ ကမ္ဘောဒီးယားနိုင်ငံ တရုတ်နှင်းသီးသည် နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်မှုရှိလာတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**Source:** asiafruit.net

https://www.facebook.com/shweliayarnews/

## ခရီးသွားလုပ်ငန်းများကောင်းမွန်စေရန် ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်သည့် နိုင်ငံများအကြား ခရီးသွားလာခွင့်ပြုသင့်

COVID-19 ကြောင့် ခရီးသွားလုပ်ငန်းအား ပိတ်သိမ်းလုနီးပါးဖြစ်နေသည့်အခြေအနေမှ ပြန်လည် ကောင်းမွန်လာစေရန် အချိန်လိုအပ်လျက်ရှိရာ COVID-19 ကူးစက်မှုထိန်းချုပ်နိုင်သော နိုင်ငံများနှင့် အသွားအလာကန့်သတ်မှုများဖြေလျှော့ပေးပြီး စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများကောင်းမွန်လာအောင် ဆောင်ရွက်ရန်အစီအစဉ် (travel bubbles) ကို ခွင့်ပြုပေးနိုင်ရန် ဟောင်ကောင်ခရီးသွားလုပ်ငန်းမှ ဒေသအစိုးရအား အရေးတကြီးတိုက်တွန်းပြောကြားခဲ့ကြောင်း၊ သို့သော် COVID-19 ကူးစက်မှု ထိန်းချုပ်နိုင်သော ဒေသများဖြစ်သည့် ဟောင်ကောင်၊ မကာအိုဒေသနှင့်ကွမ်တုံးပြည်နယ်တို့အကြား၌ပင် အဆိုပါခရီးသွားအစီအစဉ်အား မည်သည့်အချိန်တွင် အကောင်အထည်ဖော်နိုင်မည်မှာ သေချာမှုမရှိသေးကြောင်း၊ ဧပြီလကုန် ကတည်းက အထူး အုပ်ချုပ်ခွင့်ရဒေသနှစ်ခုအကြား ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရန် ဟောင်ကောင်နှင့် မကာအိုဒေသ အစိုးရတို့အား ခရီးသွားလုပ်ငန်းများမှ တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ သို့ဖြစ်ရာ အထူးအုပ်ချုပ်ခွင့်ရဒေသ နှစ်ခုအကြား ဇွန်လအတွင်း (သို့မဟုတ်) လာမည့်ဇူလိုင်လ၌ ခရီးသွားလာမှုများ ပြန်လည်စတင်ရန် မျှော်လင့်ထားကြောင်း၊ ဟောင်ကောင် ဒေသအစိုးရမှလည်း အထူးအုပ်ချုပ်ခွင့်ရဒေသနှစ်ခုအကြားတွင် သာမက COVID-19 ကူးစက်မှု ထိန်းချုပ်နိုင်သောနိုင်ငံများ နှင့်လည်း ခရီးသွားလာမှုများ ပြန်လည်စတင်နိုင်ရန် ရှာဖွေနေရာ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့ပါဝင်ကြောင်း၊ ဟောင်ကောင် ဒေသ၌ COVID-19 ကူးစက်ခံရသူဦးရေ (၁,၁၀၇) ဦးနှင့် သေဆုံးသူ (၄) ဦးရှိပြီး ၉-၆-၂၀၂၀ ရက်နေ့အထိ ကူးစက်မှုမရှိသည်မှာ (၅) ရက်ရှိပြီဖြစ်ကြောင်း၊ မကာအိုဒေသတွင် ကူးစက်ခံရသူဦးရေ (၄၅) ဦးရှိခဲ့ပြီး သေဆုံးသူမရှိဘဲ အားလုံး ရောဂါပျောက်ကင်းသွားကြောင်း၊ ယခုအခါ ကူးစက်သူတစ်ဦးမှမရှိပါကြောင်း၊ ဒေသအစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရန် နည်းလမ်းများရှာဖွေနေသော်လည်း အစုလိုက်အပြုံလိုက် ကူးစက်ခံရမှုရှိခဲ့သောကြောင့် အစီအစဉ် နှောင့်နှေး ကြန့်ကြာလျက်ရှိကြောင်း၊ ဒေသအစိုးရမှ ၇-၇-၂၀၂၀ ရက်နေ့အထိ ခရီးသွားလာမှုကန့်သတ်ချက်များ ဆက်လက်တိုးမြှင့်ပြီး လူအချင်းချင်းခပ်ခွာခွာနေထိုင်မှုများလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းများအနေဖြင့် အကျပ်အတည်း ဖြစ်နေကြောင်း၊ အစိုးရမှ ကူးသန်းသွားလာမှုများ ဆက်လက်ပိတ်မည်ဆိုပါက ခရီးသွားလုပ်ငန်းကုမ္ပဏီများ ရှင်သန်နိုင်ရန် ရုန်းကန်လှုပ်ရှားနေရမည်ဖြစ်ကြောင်း၊ ခရီးသွားများ ပြန်လည်စတင်သွားလာနိုင်လျှင် မကာအိုနှင့် ကွမ်တုံးပြည်နယ်တို့အကြား ခရီးသွားလုပ်ငန်းများ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများမှာ လပေါင်းများစွာဝင်ငွေမရှိဘဲ ဒေသအစိုးရ၏ လစာ ထောက်ပံ့မှုအစီအစဉ်မှာလည်း ခရီးသွားလုပ်ငန်းများအတွက် အထောက်အပံ့ကောင်းဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Kathleen Magramo က “Desperate tourism industry pushes for ‘travel bubbles’ ”ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ယူရိုဇုန်၏စီးပွားရေး (၁၂) ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး ၂၀၀၈ ဘဏ္ဍာရေးအကျပ်အတည်းထက် (၂) ဆ ရှိနိုင်သည်ဟု ဥရောပဗဟိုဘဏ်အကြီးအကဲပြောကြား

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းနှင့် လုပ်ငန်းများ ရုတ်တရက် ရပ်နားခဲ့ရခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ယူရိုဇုန်၏ စီးပွားရေးမှာ (၁၂) ရာခိုင်နှုန်းဖြင့် ကျဆင်းရန် အလားအလာ အလွန်များ နေသည်ဟု ဥရောပဗဟိုဘဏ်၏ အကြီးအကဲဖြစ်သူ Christine Lagarde က သတိပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။ Euro Area ၏ စီးပွားရေးမှာ ဘဏ္ဍာရေး အကျပ်အတည်းကာလကထက် ပိုမိုကျဆင်းနိုင်မည့် အခြေအနေရှိနေကြောင်း၊ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်း ကာလပြီးနောက် ယူရိုဇုန်၏ စီးပွားရေးမှာ (၄) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းအတွင်းသာ ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ ယခု အကျပ်အတည်းကြောင့်စီးပွားရေးကျဆင်းနိုင်မှုမှာ ယင်းထက် (၂) ဆဖြစ်နိုင်သည်ဟု ပြောဆိုနေကြခြင်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယူရိုဇုန်၏ စီးပွားရေးကျုံ့မှုသည် (၅) ရာခိုင်နှုန်းမှ (၁၂) ရာခိုင်နှုန်းအတွင်း ရှိနိုင်မည်ဟု ဥရောပဗဟိုဘဏ်က မျှော်မှန်းထားမှုနှင့်အတူ ဥရောပကော်မရှင်က ပြီးခဲ့သည့်မေလ အစောပိုင်း တွင်ထုတ်ပြန်ခဲ့သည့် ခန့်မှန်းချက်တွင် ယူရိုဇုန်၏

စီးပွားရေးကို (၈) ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ယခုနှစ်အတွက် mild scenario အဖြစ် ယူရိုဇုန်၏ စီးပွားရေး (၅) ရာခိုင်နှုန်း ခန့်ကျဆင်းနိုင်မည်ဟူသော ခန့်မှန်းချက်ထားရှိခဲ့ခြင်းဖြစ်ပြီး၊ အမှန်တကယ်ရလာဒ်မှာ အပျော့စား ထိခိုက်မှုဖြစ်တန်စွမ်း(mild scenario) နှင့် အပြင်းစားထိခိုက်မှု ဖြစ်တန်စွမ်း (severe scenario) တို့ အကြားတွင်ရှိမည်ဖြစ်ပြီး၊ စီးပွားရေးကျဆင်းမှုအခြေအနေသည် ကန့်သတ်ပိတ်ဆို့မှုအစီအမံများအား လျင်လျင်မြန်မြန်ဖြေလျှော့နိုင်မှုနှင့် စီးပွားရေး လုပ်ငန်းရပ်များ ပြန်လည်စတင်လုပ်ကိုင်နိုင်မှုတို့ အပေါ်တွင် မူတည်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားထားပါသည်။

ယူရိုငွေကြေးအသုံးပြုသည့် single currency zone ၏ စီးပွားရေးကြံ့ကြံ့ခံနိုင်စွမ်းနှင့် ပတ်သက်၍ Lagarde အနေဖြင့် အကောင်းမြင်ထားပြီး၊ အချို့နိုင်ငံများသည် ကပ်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြေရှင်းနိုင်ရေး ကြွေးမြီများ ပြားလာခြင်းများရှိသော်လည်း ၎င်းနိုင်ငံများ ၏ကြွေးမြီများမှာ အတိုးနှုန်းနိမ့်သည့်ကြွေးမြီများသာဖြစ်သဖြင့် sustainable ဖြစ်ကြောင်း၊ အချို့ နိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအကျပ်အတည်းမှ ပိုမိုအားကောင်းစွာဖြင့် ပြန်လည် နိုးထလာနိုင်မည်ဖြစ်ကြောင်း၊ ရလာဒ်မှာ ကိုရိုနာဗိုင်းရပ်စ်တုန့်ပြန်ရေးရန်ပုံငွေအတွက် ရရှိနိုင်မည့် "fiscal space" နှင့် ၎င်းနိုင်ငံများ၏ ထိခိုက်မှုအရှိဆုံးကဏ္ဍများအား ကုစားမှုအပေါ်တွင်မူတည်မည် ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်းလည်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အီးယူ၏ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲ ရာထူး ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဥရောပကော်မရှင်မှ ထွက်ခွာနိုင်ဖွယ်ရှိခြင်း

အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူ Mr. Phil Hogan သည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေပြီး၊ ဥရောပကော်မရှင်မှ ထွက်ခွာမည့် အလားအလာရှိနေကြောင်း Politico ၏ အင်တာနက် စာမျက်နှာ၌ ၃၀-၅-၂၀၂၀ နေ့စွဲပါ "Phil Hogan mulls leaving Commission for WTO top job" ခေါင်းစဉ်ဖြင့်ရေးသားဖော်ပြထားပါသည်။

အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ အိုင်ယာလန်နိုင်ငံသား Mr. Phil Hogan အနေဖြင့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာအတွက်ဝင်ရောက်ယှဉ်ပြိုင်ရန် စဉ်းစားနေ သည်ဟု သိရှိရကြောင်း၊ ယခင်ကအီးယူကုန်သွယ်ရေးကော်မရှင်နာအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဗြိတိန်နိုင်ငံမှ Mr. Peter Mandelson သည် လည်း အဆိုပါရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပြောကြားထားကြောင်း၊ စပိန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး Ms. Arancha Gonzalez နှင့် နယ်သာလန်နိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး Ms. Sigrid Kaag တို့ကလည်း ယင်းရာထူးနေရာအတွက် စိတ်ဝင်စားမှုရှိနေကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံအစိုးရနှင့်ထိတွေ့ဆက်ဆံမှုအပိုင်းတွင် အတွေ့အကြုံရှိခြင်းနှင့် အမေရိကန်ကုန်သွယ်ရေး ကိုယ်စား လှယ် Mr. Robert Lighthizer နှင့် ရင်းနှီးသောဆက်ဆံရေးရှိခြင်းတို့မှာ Mr. Phil Hogan ၏ အဓိကအားသာချက် ဖြစ်လာ နိုင်ကြောင်း၊ အဆိုပါရာထူးနေရာအတွက် အမေရိကန်နိုင်ငံမှ ကိုယ်စားလှယ်လောင်း အဆိုပြုခြင်း ရှိ/မရှိကို ၎င်းအနေဖြင့် အဓိကစောင့်ကြည့်သွားဖွယ် ရှိနေသည်ဟု Phil Hogan နှင့်နီးစပ်သူများက ပြောကြားကြောင်း၊ ဥရောပကော်မရှင်၏ အကြီးတန်းအရာရှိကြီးဖြစ်သူ Mr. Phil Hogan ထွက်ခွာခဲ့ပါက ကော်မရှင်အတွင်း ရာထူးနေရာ အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်လာနိုင်ပြီး၊ ကုန်သွယ်ရေးကော်မရှင်နာရာထူးအား အိုင်ယာလန်နိုင်ငံထံမှ အီးယူ၏အခြားနိုင်ငံတစ်နိုင်ငံက လွှဲပြောင်း ရယူမည့် အလားအလာရှိနိုင်ကြောင်း အဆိုပါသတင်းဖော်ပြချက်အရ သိရှိရပါသည်။

**Source: Politico**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် ဂျပန်နိုင်ငံ၏ စားသုံးမှုအသုံးစရိတ် ၁၁.၁% လျော့ကျခဲ့

ဂျပန်နိုင်ငံတစ်ဝှမ်းလုံးရှိ အိမ်ထောင်စုပေါင်း (တစ်ဦးတည်းသော အိမ်ထောင်စုမပါ) လူဦးရေ ၂ ယောက်အထက်ရှိ အိမ်ထောင်စုများကို ကောက်ယူခဲ့သည့် အိမ်ထောင်စုစစ်တမ်းအရ အမှန်တကယ် စားသုံးမှုအသုံးစရိတ်သည် မိသားစုတစ်စုလျှင် ယန်း ၂၆ သောင်းကျော်ခန့်သာရှိခဲ့ပြီး၊ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၁.၁ % လျော့ကျခဲ့ကြောင်း ၊ ယခုနှစ် ကျဆင်းမှုသည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလက ကျဆင်းခဲ့မှုထက်သာလွန်၍ စံချိန်တင်ကျဆင်းမှုဖြစ်ပါကြောင်းဟု ဂျပန်နိုင်ငံ၊ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ကိုရိုနာကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန် အစိုးရက ဂျပန်တစ်နိုင်ငံလုံး အရေးပေါ် ကြေငြာချက် ထုတ်ပြန်ခဲ့ပြီး မလိုအပ်ဘဲ အိမ်အပြင်ထွက်ခြင်းမပြုရန်၊ လူစုလူဝေးရှောင်ရှားရန်၊ ဆိုင်များပိတ်သိမ်းရန် တောင်းဆိုခဲ့သည့် အတွက် ရောင်းလိုအား သိသိသာသာကျဆင်းလာခဲ့ပါသည်။ Telework ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု လာခြင်းကြောင့် အပြင်ထွက်၍ စားသောက်ခြင်းများ၊ ဖျော်ဖြေရေးအတွက်သုံးစွဲမှုများ၊ ရထားခအသုံးစရိတ်များစသည်တို့ ကျဆင်းသွား ကြောင်းတွေ့ရပါသည်။

နေအိမ်အပြင်ထွက် စားသောက်ခြင်းအတွက် သုံးစွဲကုန်ကျစရိတ်မှာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၆၃.၃ % အဖျော်ယမကာအတွက် သုံးစွဲကုန်ကျငွေမှာ ၉၀.၃ % ဖြင့် ကျဆင်းမှုအများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍတွင် ၈.၁ % ၊ ရထားခရရှိငွေ ၈၉.၉ % ၊ လေယာဉ်ရထားခငွေ ၄၁.၂ % အသီးသီး လျော့ကျသွားခဲ့ကြောင်း၊ အကြောင်းမှာ အစိုးရက အရေးပေါ်ကာလအတွင်း နေအိမ်ပြင်ပမထွက်ရန် တိုက်တွန်းမှုနှင့် နေအိမ်တွင်နေ၍ Telework အသုံးပြုခြင်းကြောင့် ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

ဖျော်ဖြေရေးကဏ္ဍတွင် ၃၃.၉ % ၊ အဝတ်အထည်နှင့် ဖိနပ်စသည့် အသုံးအဆောင်များ ဝယ်ယူသုံးစွဲမှုတွင် ၅၅.၄ % ကျဆင်းခဲ့ပြီး ကျောင်းဝင်ခွင့် အခမ်းအနားစသည်တို့အတွက် သုံးစွဲမှုများလည်း လျော့ကျခဲ့ကြောင်းတွေ့ရပါသည်။ သုတေသန ပညာရှင်များ၏ပြောကြားချက်အရ စားသုံးမှုအသုံးစရိတ်သည် corona shock မတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိရန် တစ်နှစ်ကျော်ကြာနိုင်ကြောင်းသိရပါသည်။

ဂျပန်နိုင်ငံ၏ ပြည်တွင်းစားသုံးမှု အသုံးစရိတ်သည် ကိုရိုနာကပ်ဘေးမဖြစ်ပွားခင်အချိန် မူလအခြေအနေသို့ ပြန်လည် ရောက်ရှိရန် တစ်နှစ်ကျော်ခန့် ကြာမြင့်နိုင်ကြောင်း ၊ ဗိုင်းရပ်စ်ကာကွယ် ဆေး မတွေ့ရှိသေးပါက စားသုံးသူဝယ်လိုအား ဆက်တိုက်ကျဆင်းနေမည်ဖြစ်ကြောင်း၊ မရှိမဖြစ် လိုအပ်သည့် ကုန်ပစ္စည်းများ၏ ဝယ်လိုအားသာ တိုးတက်လာနိုင်ကြောင်း ဈေးကွက် သုံးသပ်သူများ က ခန့်မှန်းပြောကြားခဲ့ပါသည်။

တစ်ဖက်တွင် နေအိမ်အတွင်း သုံးစွဲသည့်အသုံးစရိတ်များဖြစ်သည့် ရေ၊ မီး သုံးစွဲမှု ကုန်ကျ စရိတ် ၇.၄ % တိုးတက် လာပြီး ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အိမ်ထောင်စုတစ်စု၏ ပေးဆောင်ရသည့် ကုန်ကျစရိတ်ထက် သာလွန်ကြောင်း တွေ့ရပါသည်။

ထို့အပြင် ဂိမ်းကစားမှုအတွက် သုံးစွဲကုန်ကျ ငွေတိုးတက်လာပြီး ဂိမ်းစက်ပစ္စည်းများ ဝယ်လိုအား တိုးတက်လာသည့် အတွက် ၎င်းအတွက် သုံးစွဲ ကုန်ကျမှု ၆၈.၂ % တိုးလာပါသည်။ ကွန်ပျူတာသုံးစွဲမှုလည်း ၇၂.၃ % တိုးမြင့်လာသကဲ့သို့ အင်တာ နက်သုံးစွဲခသည်လည်း ၁၇.၇ % တိုးတက်လာကြောင်းကို နေအိမ်တွင်နေ၍ Telework အသုံးပြုမှု၏ သက်ရောက်မှုအဖြစ် တွေ့ရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 12th Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 1,116 | 12,008,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,750 | -100 | -2.60% | 3,800 | 3,800 | 3,750 | 1,266 | 4,810,500 | 38,929,150 | 145,984 |
| MCB | 00003 | 8,300 | +200 | +2.47% | 8,200 | 8,300 | 8,200 | 310 | 2,572,000 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,500 | 23,500 | 22,500 | 171 | 3,910,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 300 | 855,000 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,650 | 6,085 | 16,429,150 | 19,977,223 | 53,939 |


## Market summary

As of 12th Jun. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.59 | +8.33 | +1.86% | 445.96 | 455.90 | 445.96 | 9,248 | 40,585,150 | 6 | 677,894 |

### Index chart




## Market Overview

As of 1:00 pm, 12th Jun. 2020

| MYANPIX | 455.59 ▲ 8.33 |
|---|---|
| Total Volume (shares) | 9,248 |
| Total Value (MMK) | 41 mil |
| Listed Company | 6 |
| Market Cap. (MMK) | 677,894 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,750 | ▼ 100 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 0 |